၁၃၃၁-ခု၊ ဝါခေါင်လဆုပ် ( ၁၄ ) ရက်၊ ကြာသပတေး

၁၁–၉–၆၉ နေ့တွင်၊

စစ်တွေမြို့၊ ရွှေပြားကျောင်းတွင်

ရွှေပြား ဆရာတော်

ဟောကြားအပ်သော

# ဥပစိ တရားတော် အမှတ် (၂)

ကင်းလွှတ်ခွင့် (၀၁၄၇၁)
ပုံနှိပ်ထုတ်ဝေသူ—ဦးမောင်သာရွှေ၊
ဘာသာရေးခွင့်ပြုချက် ( ၄၆၆၄ )

( ရိုက်နှိပ်သော စာအုပ်ရေ - ၁၀၀၀ )

ရခိုင်ပြည်စာပုံနှိပ်တိုက်၊ စစ်တွေမြို့။
မှတ်ပုံတင်အမှတ် မြ-၀၉၈၂။

၃၆၄
ပ

၁၃၃၁-ခု၊ ဝါခေါင်လဆုတ် ( ၁၄ ) ရက်၊ ကြာသပတေး၊

၁၁-၉-၆၉ နေ့တွင်၊

စစ်တွေမြို့၊ ရွှေပြားကျောင်းတွင်

ရွှေပြား ဆရာတော်

ဟောကြားအပ်သော

# ဥပရိ တရားတော် အမှတ် (၂)

ကင်းလွှတ်ခွင့် ( ၀၁၄၇၁ )
ပုံနှိပ်ထုတ်ဝေသူ-ဦးမောင်သာလှ၊
ဘာသာရေးခွင့်ပြုချက် ( ၄၆၆၄ )

( ရိုက်နှိပ်သော စာအုပ်ရေ- ၁၈၀၀ )

ရခိုင်ပြည်စာပုံနှိပ်တိုက်၊ စစ်တွေမြို့။
မှတ်ပုံတင်အမှတ် မြ-၀၉၇၂။

# နိဒါန်း

ကမ္ဘာပေါ်ရှိ လူမျိုးတိုင်းတွင် အသိဉာဏ်သည် အလွန် အရေးကြီးပေသည်၊ အသိဉာဏ်ရှိသော သူတို့သည် အဖက်ဖက်၌ ထင်ရှားသည်မှာ မများနိုင်ပေ။ ကျွန်ုပ်တို့ ဗုဒ္ဓဘာသာဝင်တို့မှာလည်း၊ နိဗ္ဗာန် မဂ် ဖိုလ်ကို မျက်မှောက်ပြုနိုင်ရန်အတွက် ယထာဘူတ မှန်ကန်သော အသိဉာဏ်ကို အလွန်ရခဲသည်၊ ထိုသို့ ခဲယဉ်းသော်လည်း ဤမှန်ကန်သော အသိကို ကျွန်ုပ်တို့သည် မရနှင့် အရ ရှာရပေလိမ့်မည်၊ ယင်းအသိကို ရရန်အတွက်၊ မည်သည့် ပုဂ္ဂိုလ်ဟောသော တရားပွဲသို့မဆို ကြားနာနိုင်ရန် အားထုတ်ကြပါသည်။ ထိုသို့အားထုတ်သော်လည်း ဗါဟိရကိစ္စကြောင့်ရင်း၊ (မိမိအိမ်၌အစောင့်မရှိ၍ရင်း၊ ခရီးဝေးကွာ၍ရင်း၊ ) တရားပွဲသို့ မရောက်နိုင်ပေ၊ အချို့သူတို့သည် ပုဂ္ဂိုလ်စွဲအားဖြင့် နာကြားချင်သောဆန္ဒရှိပေသည်၊ ထိုပုဂ္ဂိုလ်ဟောသော တရားပွဲသို့လည်း တစုံတရာအခက်အခဲကြောင့် မရောက်နိုင်ကြပေ၊ ထိုကြောင့် ဤအခက်အခဲတို့ကို ကျော်လွှားနိုင်ရန် လူတိုင်း လူတိုင်း တရားပွဲသို့ မရောက်နိုင်သော်လည်း၊ ဤဒေသနာတော်ကို လေ့လာဖတ်ရှုလျှင် ဆရာတော် ဟောကြားသော တရားတော်ကို နာရဘိသကဲ့သို့ရင်း၊ ကြားနာပြီးသော ပုဂ္ဂိုလ်တို့လည်း အကြိမ်ကြိမ် လေ့လာနိုင်ပြီး၊ မှန်ကန်သော အသိဉာဏ်ရနိုင်ရန်နှင့်မှားယွင်းသောအသိကို ပယ်နိုင်ရန်အတွက် ကောင်းမြတ်သော မနော ပဏိဓိ စေတနာရှိ၍၊ အားကြီးသောမေတ္တာဖြင့်၊ ကျွန်ုပ်တို့ဆရာတော် ဟောကြားအပ်သော ဤဥပမိတရားတော် အမှတ်စဉ် (၂) ကို ကူးယူလျက် ရိုက်နှိပ်တင်ဆက်လိုက်ပါသည်။

ကျောင်းတကာ-တကာမများ
ရွှေပြားမြောက်၊ စစ်ကိုင်းမြို့
၂၀-၂-၇၀

# ဥပဓိတရားတော် အမှတ် (၂)

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

ခံတွင်းကောင်းသျှင် ဟင်းကောင်းကျွေးရန်မလို၊

အို .....ဒါယကာ-ဒါယိကာမတို့၊

ခံတွင်းကောင်းသောသူတို့သည် မည်သည့်ဟင်းလျာမဆို စားသောက်၍ အရသာ ဖြစ်လေသည်၊ ခံတွင်းမကောင်းက အလွန်ကောင်းမြတ်သော ဘောဇဥ်ပင်ဖြစ်သော်လည်း စားသောက်၍ အရသာဖြစ်လိမ့်မည်မဟုတ်၊ ဤအတူ တရားတော်ကို ကြားနာကုန်သော ဒါယကာ-ဒါယိကာမတို့မှာလည်း ယောနိသော အသင့်အတင့်၊ မနသိကာရ နှလုံးသွင်းလျှင် မည်သည့် တရားတော်မဆို အကျိုးရှိသည်သာလျှင်တည်း၊ အယောနိသော မသင့်မတင့် မနသိကာရ နှလုံးသွင်းသောသူတို့သည် တရားတော်ကိုကြားနာတိုင်း အကျိုးမဖြစ်နိုင်ကြောင်း ထင်ရှားလေသည်၊

ယနေ့ တရားဒေသနာတော်ကို ကြားနာကုန်သောသူတော်ကောင်း သူတော်ကောင်းမတို့သည်၊ အနန္တ ပုထုဇဉ်ပင်ဖြစ်သော်လည်း တရားတော်ကို ကြားနာခြင်း၊ ဖတ်ရှုခြင်းဆုံးလျှင် ကလျာဏပုဂ္ဂိုလ်ဖြစ်ရမည်၊ ကလျာဏဖြစ်လျှင်လည်း ကလျာဏထက်မြင့်မြတ်သော ပုဂ္ဂိုလ်ဖြစ်ရမည်၊ ထို့ကြောင့်

တရားတော်ကို သေချာဂရု ကြားနာကြ၊ မှတ်သားကြ၊ လေ့လာကြကုန်လော့၊

ဤတရားတော်ကို ကြားနာရခြင်းသည် သာသနာတွင်းမှာဖြစ်နေသောကြောင့်သာ ကြားနာရကုန်၏၊ သာသနာတော်ကြီးသည် အဘယ်ကြောင့် တည်ရှိနေ သနည်း ဟုဆို လျှင် ဝိနည်းတရားတော်တည်ရှိနေသောကြောင့်၊ ဤသာသနာတော်သည်တည်ရှိနေပြန်၏၊

ထိုဝိနည်း တရားတော် တည်ရှိနေ သော ကြောင့် သာ သာသနာ့ဝန်ထမ်း ရဟန်း သံဃာတော်အရှင်ကောင်းတို့ရှိနေပြန်၏၊ ဤအရှင်ကောင်းတို့က ပရိယတ္တိ တရားတော်တို့ကို သင်အံပို့ချသောကြောင့်၊ ဤသာသနာတော်ကြီးသည့်အဆက်မပြတ်ဆင်းသက်၍လာ၏။ ပရိယတ္တိဓမ္မကိုပို့ချမည့် သာသနာ့ဝန်ထမ်းရှင်ရဟန်းတို့မရှိသျှင်အဘယ်မှာသာသနာတွင်တရားစကားကိုကြားရပါမည်နည်း၊ ဤသာသနာတော်သည် အစဉ်အဆက်မပျက်စီးရအောင် ကြိုးကြိုးစားစားနှင့် သံဃာတော်အရှင်မြတ်တို့က မငြီးငွေ့သော လုဿုဝိရိယတို့ဖြင့် နေ့ထွက်နေ့ဝင် တထွတ်ထွတ် တစာစာ သင်အံပို့ချ၍နေ၏၊

ဤသို့ ပရိယတ္တိတရား မူလ ဘူတ ရှိနေသောကြောင့်၊ ဒါယကာ - ဒါယိကာမ တို့ သည်၊ သံဃာတော်တို့ထံမှ သော်ရင်း၊ တတ်ကျွမ်းသော လူပုဂ္ဂိုလ်တို့ထံမှသော်ရင်း၊ တရားစကားကို တဆင့် ကြားနာရလေ၏၊ သံဃာတော်အရှင်မြတ်တို့ အမြဲမပြတ် ပရိယတ္တိ သာသနာတော်ကြီးကို ရွက်ဆောင်နိုင်ရန်၊ အဓိကသိရင်းအချက်မှာ၊ ဆွမ်း၊သင်္ကန်း၊ ကျောင်း၊ဆေးတည်းဟူသော ပစ္စည်းလေးပါးကိုအထောက်

အကျုရပါမှ ပရိယတ္တိ သာသနာတော်ကြီးကို မပျက်မစီး အောင်စောင့်ရှောက်နိုင်မည်။ ထိုကြောင့်ဒါယကာ-ဒါယိကာမ တို့သည် မိမိတို့၏သာသနာ့တာဝန်ဖြစ်သော ဆွမ်း၊ သင်္ကန်း ကျောင်း၊ ဆေးတည်းဟူသော ပစ္စည်းလေးပါးတို့ကိုမလျော့ သော လှူဒါန်ရိယဖြင့် သဒ္ဓါတရားကိုရှေ့ထား၍ ကြိုးစားနိုင် ကြပါစေ။

---

ဥပမိတရားလေးပါးတို့တွင် ယနေ့ ခန္ဓပုမိကိုဟောမည်။ လွန်ခဲ့သောအပတ်က ကာမုပမိတရားတော်ကို ဟောကြား လေပြီ။

ခန္ဓပုမိဟူသည်။ ခန္ဓာစု၊ ရုပ်ကားတစု၊ လေးခုနာမ်နယ်၊ ငါး သွယ်သော ခန္ဓာတရားတို့သည်ရင်း၊ ဘယာ၊ ကြောက်စရာ ကောင်းလှကုန်၏။ တော၊ ထိုခန္ဓပုမိသည်၊ သတ္တွေ၊အသိဉာဏ် မရှိကုန်သော သတ္တဝါတို့ကို၊ ဝဋ္ဋထမ္ဘာမှ၊ ဝဋ်ထည်းဟူသော ချိုင်တိုင်၌၊ ဥပဒါဟဓ္ဓိ၊ ဘားကို မြှေပမ်းသကဲ့သို့ မလွတ်နိုင် အောင် ချိုင်နှောင်ကြလေကုန်၏။

ထိုခန္ဓပုမိတို့ဟူသည်၊

၁၊ ရူပက္ခန္ဓာ။
၂။ ဝေဒနာက္ခန္ဓာ။
၃၊ သညာက္ခန္ဓာ။
၄၊ သင်္ခါရက္ခန္ဓာ၊
၅။ ဝိညာဏက္ခန္ဓာဟူ၍ ဤခန္ဓာငါးပါးတို့ကိုပင် ခန္ဓပုမိ ဟုခေါ်သည်၊

## ( ခန္ဓာငါးပါးတို့ကို ဖွဲ့စည်းချင်း၊ )

၁။ ရုပ် (၂၈) ပါးသည် ရူပက္ခန္ဓာမည်၏။
၂။ အာရုံ၏ အရသာကိုခံစားမှု၊ ဝေဒနာစေတသိက်သည် ဝေဒနာက္ခန္ဓာမည်၏၊
၃၊ အာရုံ၏သဘောကို မှတ်သားမှု သညာစေတသိက် သည် သညာက္ခန္ဓာမည်၏၊
၄။ ဝေဒနာသညာမှ ကြွင်းသော တွေ့ထိမှု၊ စေ့ဆော်မှု၊ တည်ကြည်မှုစသော ငါးဆယ်သော စေတသိက်တို့ သည် သင်္ခါရက္ခန္ဓာမည်၏၊
၅။ အာရုံကိုသိမှုစိတ်တခုယုတ်ကိုးဆယ်၊ အကျယ်(၁၂၁) ပါးသည် ဝိညာဏက္ခန္ဓာမည်၏၊

ဥပ္ပါဒေါ ဒုက္ခံ ဆိုသည့်အတိုင်း၊ ဤခန္ဓာငါးပါးဖြစ်သမျှ၊ ဆင်းရဲဒုက္ခနှင့် ကင်းနိုင်လိမ့်မည်မဟုတ်၊ သတ္တဝါတို့သည်ခန္ဓာ ငါးပါးနှင့်ပင် အမျိုးမျိုးသော ဒုက္ခတို့နှင့် ရင်ဆိုင်ရသည်မှာ မများနိုင်ပေ၊ ငရဲသားတို့သည်ထည်း ဤခန္ဓာငါးပါးနှင့်ပင် ဆင်းရဲဒုက္ခခံရကုန်၏။ တိရစ္ဆာန် ပြိတ္တာစသောသတ္တဝါတို့မှာ လည်း ခန္ဓာတန်းလန်းနှင့်ပင် ဒုက္ခခံရကုန်၏၊

အရှုပ်ဗြဟ္မာကြီးတို့လည်းနာမ်ခန္ဓာလေးပါးနှင့်၊ အသညသတ် ဗြဟ္မာတို့လည်း၊ ရုပ်ခန္ဓာတပါးနှင့်၊ ကြွင်းသော ပဉ္စဝေါကာရ (၂၆) ဘုံတို့တွင် ခန္ဓာငါးပါးနှင့် ဝဋ်ဆင်းရဲတို့ကိုခံစားရကုန် ၏၊ သုံးဆဲ့တဘုံတွင် ခန္ဓာရသမျှ ဒုက္ခနှင့်မကင်းနိုင်။ ထို့ကြောင့် (ဥပ္ပါဒေါ၊ ဖြစ်သမျှ ရုပ် နာမ် ဓမ္မ သင်္ခါရတရားတို့သည်၊ ဒုက္ခံ၊ ဆင်းရဲကြကုန်၏) ဟု ဟောတော်မူသည်၊

အနုပ္ပါဒေါ သုခံ ဆိုသည့်အတိုင်း ခန္ဓာ အာယတန ဓါတ် တရားတို့၏ မဖြစ်ရာ နိဗ္ဗာန်သည် ချမ်းသာ၏၊ ခန္ဓာငါးပါးတွင် နိဗ္ဗာန်သည်အကျုံးမဝင်။ ထိုကြောင့်သဗ္ဗိုဟ်ကျမ်းတွင် နိဗ္ဗာနံ ခန္ဓာ သင်္ဂဟ နိဿတံ ဆိုသည့်အတိုင်း နိဗ္ဗာန်သည် ခန္ဓာငါးပါးမှလွတ်၏၊ ခန္ဓာမရှိသော နိဗ္ဗာန်သည်ပင်၊ ဧကန္တ ချမ်းသာစစ်မည်၏။

လောကတွင်ဖြစ်နေသော သတ္တဝါမှန်သမျှ ဇာတိဒုက္ခ၊ဇရာ ဒုက္ခ၊ ဗျာဓိဒုက္ခ၊ မရဏဒုက္ခတို့နှင့်မကင်းနိုင်၊ အဘယ်ကြောင့် ဆိုသော် ခန္ဓာတန်းလန်းရှိနေသည့်အတွက်မှတ်အပ်၏။ အရှင် မဟာမောဂ္ဂလာန်မထေရ်ကိုခိုးသါးငါးရာသတ်သည်မှာလည်း၊ ခန္ဓာရှိခြင်းကြောင့်သာ အသက်ခံရ၏၊ အရှင်သာရိပုတ္တရာ မထေရ် သွေးအန်သည်မှာလည်း ခန္ဓာငါးပါး ရှိနေခြင်းကြောင့် သာ ဒုက္ခဝေဒနာခံစားရ၊လေသည်၊ ထိုကြောင့် ပုပ္ဖုဇ္ဇ်ရှိသမျှ သတ္တဝါတို့သည် ဤခန္ဓာတရား ရှိနေခြင်းကြောင့် ဒုက္ခမှ မလွတ်နိုင်ကုန်၊

### သတ္တဝါနှစ်မျိုး။

ဒုဝေပုထုဇ္ဇနာ ဝုတ္တာ၊ ဗုဒ္ဓေနာဒိစ္စဗန္ဓုနာ၊
အန္ဓော ပုထုဇ္ဇနော ဧကော၊ ကလျာဏေကော ပုထုဇ္ဇနာ"
ဟူ၍ သုတ်သီလက္ခန် အဋ္ဌကထာတွင် ဟောထားလေသည်၊
(အသိဉာဏ်မရှိသော ပုထုဇဉ်တယောက်
အသိဉာဏ်ရှိသော ပုထုဇဉ်တယောက်
ဤသို့ ပုထုဇဉ် ပုဂ္ဂိုလ်နှစ်ယောက်ဟူ၍ နေမင်း၏
အဆွေဖြစ်တော်မူသော မြတ်ဘုရားသည် ဟောတော်
မူ၏၊ )

အသိဉာဏ်မရှိသော ပုထုဇဉ်ပုဂ္ဂိုလ်သည်မိမိတို့ရရှိသော အကျိုး၊ ခန္ဓာငါးပါးကိုပင် သာယာနှစ်ခြိုက်လျက် ပျော်မိုက်၍ နေ၏၊ ထိုခန္ဓာ၌အပြစ်ကိုမမြင်ခြင်းကြောင့်၊ မိမိ၏သမုဟာကာယ မလှ-လှအောင် အမျိုးမျိုးသုတ်သင် ပြုလုပ်လျက်နေ၏။ တခါ တလေ ကိုယ်လုံးပေါ် မှန်ကြီးကိုကြည့်၍ ခန္ဓာကို အမျိုးမျိုး ချယ်လှယ်ပြီး လက်သေးဆိုးခြင်း၊ နှုတ်ခမ်းဆိုးခြင်း၊ အင်္ကျီပါး ကိုကိုင်လျက်ချဆွဲခြင်း၊ ဤအမှုအရာဟူသမျှ မိမိ၏ကိုယ်ကာယ ၌သာယာနှစ်ခြိုက်လျက်၊ ရုံမက်ခင်မင်ပြီး ပြုလုပ်ကြကုန်၏၊ ထို ကြောင့် ခန္ဓာကိုလှပစေခြင်းအကျိုးငှါ၊ အသိဉာဏ်မရှိသော ပုထုဇဉ်တို့ အားထုတ်ကြကုန်၏၊

ခန္ဓာကိုယ်ကိုကြည့်လျက် ငါ့ခန္ဓာ၊ မသေသေးပါဟူ၍မှတ် ထင်တတ်သည်၊ မြတ်ဘုရားက ခန္ဓာကြောင့် ဒိဋ္ဌိဖြစ်၏ဟု ဟောတော်မူ၏၊ ဒိဋ္ဌိကိန်းနေသောကြောင့်အမြင်မှန်မရ၊ အမြင် မှန်မရသည့်အတွက် အန္ဓ ပုထုဇဉ်ဟုခေါ်၏၊ အန္ဓ ပုထုဇဉ် သည် မြေကြီးနှင့် လက်ဝါးခတ်က၊ လွဲချင်လွဲဦးမည်၊ သေချင် ဒုဂ္ဂတိဘုံမှမလွဲနိုင်။

**အဘယ်ကြောင့်ဆိုသော်**

အဝိဇ္ဇာ ပုဗ္ဗင်္ဂမာ ဘိက္ခဝေ၊ အကုသလာ ဓမ္မာ ဥပ္ပဇ္ဇန္တိ၊

ဘိက္ခဝေ၊ ရဟန်းတို့၊ အဝိဇ္ဇာပုဗ္ဗင်္ဂမာ၊ အဝိဇ္ဇာ ရှေ့သွား ရှိခြင်းကြောင့်။ အကုသလာဓမ္မာ၊ အကုသိုလ် တရားတို့သည်၊ ဥပ္ပဇ္ဇန္တိ၊ ဖြစ်ကုန်၏၊ ဟူ၍ဟောတော်မူ၏။

အဝိဇ္ဇာ ရှေးသွားရှိခြင်းကြောင့်၊ အကုသိုလ်တရားတို့ ဖြစ် ပေါ်ကုန်၏၊ အကုသိုလ် အညစ်အကြေး မကင်းနိုင်သော ကြောင့်၊ သတ္တဝါတို့သည် ရရှိသောခန္ဓာကိုယ်၌ အမြင်မှား

အမှတ်များ၊ အယူမှားခြင်း၊ စသော တရားတို့ ပေါ်ပေါက်လာကုန်၏၊ သညာဝိပ္ပလ္လာသ၊ စိတ္တဝိပ္ပလ္လာသ၊ ဒိဋ္ဌိဝိပ္ပလ္လာသတို့ရှိနေသော သတ္တဝါတို့သည် ရရှိသောခန္ဓာငါးပါး၌ သာယာမက်မောပြီး မခွဲမခွါနိုင်အောင် ချစ်ခင်စုံမက်သည့်အတွက် သေလျှင်များ သောအားဖြင့် ဒုဂ္ဂတိဘုံသို့ ရောက်နိုင်၏ဟု မြတ်ဘုရားဟော တော်မူ၏။

ဤကဲ့သို့ ခန္ဓာကိုယ်၌ အမြင်မှန်မရသောကြောင့်၊ အတ္တ ပုထုဇဉ်ခေါ်သည်၊ ဤပုဂ္ဂိုလ်တို့တွင် ဒိဋ္ဌိ ဦးစီး၍နေသည်၊ ထိုကြောင့် ဆောက်တည်ရာမရနိုင်၊ အဇ္ဈတ္တကာယ၌ အမြင်မှား၊ အမှတ်မှား၊ အယူမှားနေသည်အတွက် သတ္တဝါတို့သည် ကုသိုလ် တရားတို့ကို တခါတလေ အားထုတ် သော်လည်း မြတ်ဘုရား၏ အလိုတော်ကျ ကုသိုလ်မရနိုင်၊ အများအလိုကျ ကုသိုလ်သာရနေသောကြောင့်၊ သုံးဆဲ့တဘုံတွင် ခန္ဓာတန်းလန်းနှင့် အမျိုးမျိုး ဒုက္ခခံစား နေရသည်မှာ မမှားနိုင်ပေ၊

## ဥပမာ၊

အမြင်မှန်မရသော သတ္တဝါတို့သည် ခွေးလောက်ကျနှင့် တူကုန်၏။ ခွေး သတ္တဝါတို့တွင် အနာတစုံတခုရ၍၊ လောက်ကျသည့်ရှိသော်၊ ထိုလောက်တို့ရွလာသောကြောင့်၊ သက်သာရာပြာပုံကို ရှာလေ၏။ ပြာပုံနှင့်တွေ့လျှင် ဤပြာပုံသည် သက်သာရာ ရလိမ့်မည်ဟု အမှတ်နှင့် ဝင်လိုက်သည်ရှိသော်၊ အနာ၌ရှိသော လောက်တို့သည် ပြာနှင့်တိုက်ဆိုင်လေသောကြောင့် တိုး၍ပင်ရုန်းကန်ကုန်၏၊ ထိုအခါခွေးသည် နေမဖြစ်ဘဲ၊ နောက်ပြာပုံကိုရှာပြန်၏၊ ပြာပုံနှင့်တွေ့လျှင်လည်း သက်

သာရောမရနိုင်၊ ဤနည်းနှင့် ဈေးပြာဖုံတွေ့လျှင် သက်သာရာ ရလိမ့်မည်အထင်နှင့် ပြာဖုံတွေ့လျက် မသက်သာဘဲ ဒုက္ခကို သာခံစားလျက် သေခြင်းသို့ရောက်လေကုန်၏၊

ဤအတူ သတ္တဝါတို့သည် ပြာဖုံနှင့်တူသော (၃၁) ဘုံ တွင် တဘုံဘုံတော့အေးလိမ့်မည် အထင်နှင့် ခြေရာစပ်အောင် ရှာလိုက်သော်လည်း တဘုံမှအေးကွက်မရှိ၊ ခန္ဓာတန်းလန်း နှင့် လောက်ရှုပြီးသကဲ့သို့ သောကပရိဒေဝ ဒုက္ခ ဒေါမနဿ ဥပါယာသ တည်းဟူသော မီးတောက်လောင်လျက်၊ ဒုက္ခ ခံစား၍ သေမင်းလက်တွင်းသို့သာ ရောက်ရကုန်၏။

ထိုကြောင့်။

တပြုန်ပြောင်းခပြောင်း၊ ဈေးနှောင်းစသာ၊ သံသရာနှံ့၊ သတ္တါဝါသ။ ဘုံမှထပါး၊ သိကြား ဗြဟ္မာ နတ်ချမ်းသာ နှင့်၊ စကြာရောင်ဝင်း၊ လေးကျွန်းချင်းသား၊ ဘေးကင်း ရိပ်ငြိမ်၊ မင်းစည်းစိမ်လည်း၊ အကြိမ်အခါ၊ ရေရာမရှိ ဖျင်းညီးပွားမျှ၊ စံဘူးကြ၏၊ နဝလောကုတ္တရာ၊ ဓမ္မာမက၊ မြိုက်သုခမူ၊ ခဲလှငြိုငြင်၊ အိမ်မက်တွင်မျှ၊ မမြင်ဘူးတောင်း၊ ခက်စွာရှောင်ခဲ့ ဟူ၍ ရှင်မဟာရဋ္ဌသာရကိုယ်တော်စပ် ဆိုသော ထက်ာဖြစ်သည်၊

ဘုံသုံးဆဲ့တစ်တွင် သတ္တဝါသ၊ ငါးဘုံကိုချန်လှပ်၍ ကျန်နှစ် ဆဲ့ ခြောက်ဘုံတွင် ခြေရာချင်းစပ်လျက်၊ လူ နတ် ဗြဟ္မာ ချမ်းသာတို့ကို ဒုက္ခနှင့် ရောလျက်၊ အမြင်မှန်မရသောပုထုဇဉ် တို့သည် ခံစားသည်မှာ များလှလေပြီ၊

ဒုက္ခမရော၊ ချမ်းသာစစ်ကိုကား၊ အိမ်စက်တောင်မှုမမြင်ဘူးသေး၊ ဤချမ်းသာစစ်မှသာလျှင် ကလျာဏဂုဏ်ထူးစဉ်အစ၊ အရိယာတိုင်အောင်သော ပုဂ္ဂိုလ်တို့သာခံစားရမည်၊ ဤချမ်းသာစစ်ကို ခံစားရလေအောင် ကလျာဏမှစ၍၊ အရိယာအဖြစ်သို့ရောက်နိုင်ရန် ကြိုးစားအားထုတ်ရမည်၊

ကလျာဏဆိုသည်မှာ၊ ခန္ဓာငါးပါးအပေါ်၊ သာယာမှုမရှိဘဲ၊ ဤသည်ကား ရုပ်ခန္ဓာ၊ ဤသည်ကား နာမ်ခန္ဓာဟု ခန္ဓာငါးပါးကို ခွဲခြား၍မြင်နေပြီ၊ ဤခန္ဓာငါးပါးကိုမြင်နေလျှင် (၀၊) သိနေလျှင်၊ ကလျာဏဟူ၍မှတ်၊ ၊အမြင်မှန်ရသောဂုဏ်စဉ် ဟုခေါ်လေသည်၊

ထို့ကြောင့်၊ ဒါယကာ-ဒါယိကာမတို့သည် ခန္ဓာငါးပါးနှင့် ရုပ်ခန္ဓာ၊ နာမ်ခန္ဓာတို့ကို မြင်လျက်၊ သာယာမှုအကြောင်း ဥပမိချပ်ပစ်ရန် ကြိုးကြိုး စားစား အားထုတ်ရမည်၊ သာမညတော်ရုံ တန်ရုံအားထုတ်၍ မရနိုင်ကြောင်းကို မြတ်ဘုရားက နိဒါန ၀ဂ္ဂ သံယုတ်၊ နဝမသုတ်မှာ အောက်ပါအတိုင်း ဟောထားတော်မူသည်၊

( အိုး-သူတော်ကောင်း သူတော်ကောင်းမတို့၊ အလုံးစုံဆင်းရဲအပေါင်းမှလွတ်မြောက်ရာ၊ မွန်မြတ်ဖွယ်သော ဤ နိဗ္ဗာန်ချမ်းသာကို လျှော့လျှော့ ပေါ့ပေါ့ ဆဆ အားထုတ် ရုံနှင့် မရောက်နိုင်။ မရနိုင်၊ မကြိုးမကျယ် အနည်းငယ်မျှသော ကြိုးစားရုံမျှနှင့်လည်း မရောက်နိုင်၊ မရနိုင်၊ ဟူ၍ ဟောတော်မူလေသည်။

ထို့ကြောင့် ကြိုးကြိုးစားစား အားထုတ်ရမည်။ အားထုတ်

မှ ခန္ဓာအပေါ်သာ ယာမှုရပ်လျက်၊ ရုပ်နာမ် ခန္ဓာတို့ကို ကွက်ကွက်ကွင်းကွင်းမြင်နေမည်။

ဤကဲ့သို့မြင်နေရန် ရှေးဦးစွာပရိကံယူပြီး၊ သမာဓိရအောင် အထက်နှုပ်ခမ်းအပေါ် နှာသီးဝတွင် လေဝင်နှင့်လေထွက်တို့၏ ထိခိုက်ရာအရပ်၌၊ မနောဝိညာဏ်ဟူသော အသိကိုထား၍ အာရုံပြုနေပါ။ ဤသို့သမာဓိရအောင် ရှေးဦးစွာ သမထအလုပ်ကိုလုပ်ရမည်၊ သမထဟူသည်၊ နီဝရဏ တရားတို့ကို ငြိမ်းစေထတ်သောကြောင့် သမထမည်၏။ နီဝရဏတရားမငြိမ်း၊ သမျှ ကာလပါတ်လုံး သမာဓိမရနိုင်၊ သမာဓိမရလျှင် ရုပ်နာမ်တရားတို့ကို မြင်လိမ့်မည်မဟုတ်၊ နီဝရဏဟူသည် ဈာန် မဂ်စသော ကုသိုလ်တရားတို့ကို ပိတ်ပင်းတတ်၏၊ ထိုနီဝရဏတရားတို့ ငြိမ်းသည်ရှိသော်၊ အသိစိတ်သည် ထခုတည်းသော အာရုံကိုသာရှုလျက်၊ မိမိတို့၏ ကာယကိုသာ ကြည့်၍နေမည်၊

မနောဝိညာဏ်ဟူသော အသိစိတ်သည် ခန္ဓာသမူဟ၌ တကြောင်းတည်းဖြင့်သွားနေမှသာ ရုပ် နာမ်တရားတို့၏ပေါ်မှုနှင့်ပျက်မှုကို ဆင်ခြင်ထတ်သော ဝိပဿနာပညာဖြစ်မည်။ စင်စစ်မှာ သမာဓိရရန် သမထအလုပ်ကိုမလုပ်ဘဲနှင့် ရုပ်နာမ်တရားတို့၏ ပေါ်မှုနှင့် ပျက်မှုကို ရှုနေသော ယောဂီသည် နီဝရဏ တရားတို့ ငြိမ်းသဖြင့်သာ ရုပ် နာမ်တရားတို့ကိုမြင်တတ်သော ဝိပဿနာပညာမျက်စိတို့ဖြစ်သည်ဟူ၍ မှတ်အပ်၏။ ရုပ် နာမ်ပေါ်နေလျှင် နီဝရဏ တရားငြိမ်းနေသောကြောင့် သမထရှိနေပြီ၊

ထိုကြောင့်၊ အချို့သော ပုဂ္ဂိုလ်တို့သည် မိမိတို့ရှု၍နေရာ၌

သမထ ပါသည်ကိုပင် မသိဘဲနှင့် သမထကိုမလိုဟူ၍ ပြောဆို နေကြသည်၊ အင်္ဂုတ္တိုရ်ပါဠိတော် စတုက္ကနိပါတ် ပဋိပဒါဝဂ်၊ ယုဂနဒ္ဓသုတ်တွင် အောက်ပါအတိုင်း ဟောထားတော်မူသည်၊

၁၊ အကြင် ယောဂီပုဂ္ဂိုလ်တို့သည်၊ သမထလျှင် ရှေးသွား ရှိသော ဝိပဿနာကို ပွားခြင်းသည်သမထ ပုဗ္ဗင်္ဂမ နည်းမည်၏၊

၂။ အကြင် ယောဂီပုဂ္ဂိုလ်တို့သည် ဝိပဿနာလျှင် ရှေး သွားရှိသော သမထကိုပွားများခြင်းသည် ဝိပဿနာ ပုဗ္ဗင်္ဂမ နည်းမည်၏၊

၃။ အကြင် ယောဂီပုဂ္ဂိုလ်တို့သည် သမထ ဝိပဿနာကို အစုံဖွဲ့၍ ပွားများခြင်းသည် ယုဂနဒ္ဓနည်းမည်၏၊

၄၊ အကြင် ယောဂီ ပုဂ္ဂိုလ်တို့သည် သမထ ဝိပဿနာ တရားတို့၌ပျံ့လွင့်ခြင်းဥဒ္ဓစ္စသည် အထူးသဖြင့် ယု အပ်သော စိတ်သည်ဖြစ်၏။ ထိုဝိပဿနာ စိတ်သည် ကျက်စားရာ နိဗ္ဗာန်၌သာလျှင် ကောင်းစွာတည်သော ကြောင့်၊ အတုမရှိ မြတ်သောသမာဓိသည်ဖြစ်၏၊ ဤ နည်းသည် ဓမ္မုဒ္ဓစ္စ ဝိဂ္ဂဟနည်းမည်၏၊ ဤသို့အားဖြင့် နည်းလေးပါးကိုဟောကြားလေသည်၊

ဤသို့ ရှေးဦးစွာ သမာဓိရအောင် လုပ်မှသာ မိမိအဇ္ဈတ္တ ကာယ၌ ဝါတ်လေးပါးတို့ မညီမျှ မှုကြောင့် ပေါ်ထွက်နေ သော ရုပ်နာမ်တရားတို့ကိုသိနိုင်မည်၊ ထိုကဲ့သို့ မဟုတ်ပါ မူ၊ ပေါ်ထွက်နေသော ရုပ် နာမ် ခန္ဓာတို့ကို သိနိုင်လိမ့်မည် မဟုတ်၊

## ဥပမာ၁။

ပင့်ကူသတ္တဝါသည်၊ မိမိ၏ အိမ်အလယ်ဗဟိုမှနေလျက်၊ ကျရောက်လာသောအစာတို့ကိုသွား၍ စားလေသည်။ ပြီးလျှင် မိမိ၏နေရာအလယ်ဗဟိုမှာ နေပြန်လေသည်၊ ဤသို့အားဖြင့် မိမိ၏ အိမ်ပတ်ဝန်းကျင်မှ ကျရောက်လာသော အစာတို့ကို အလယ်ဗဟိုမှနေ၍ ကြည့်လျှင်မြင်နိုင်သောကြောင့်၊ ချက်ပိုင်သောနေရာမှနေ၍ ကျလာသမျှသောအစာတို့ကို စားလေဘိသကဲ့သို့၊ ဤအတူ ယောဂီ ပုဂ္ဂိုလ်တို့သည်လည်း အလယ်ဗဟိုနှင့်တူသော နှာသီးဝ၏ အထက်နှုတ်ခမ်းတွင် လေဝင်လေထွက်တို့၏ ထိခိုက်သောနေရာတွင် အသိကိုထားလျက်၊ မိမိ၏ အဇ္ဈတ္တကာယ၌ ဖြစ်ပေါ်နေသော ဓါတ်တပါးပါးကို သာသိ၍ စေတသိက်တရားက ခံစားနေရမည်၊ ပေါ်ရှိနေသော ဓါတ်တရားက ပျက်စီးသွားပါမူ၊ သိနေသော မနောဝိညာဏ်နှင့်ခံစားနေသော စေတသိက်တရားလည်း ပျက်စီးပါမည်၊ ထိုအခါ ပြန်၍အသိကို လေဝင်လေထွက်တို့၏ ထိခိုက်မှု နေရာတို့တွင် ထားရမည်၊ ဤသို့ပေါ်သမျှသော ရုပ်နာမ်တရားတို့ကို ရှုသည်ရှိသော်၊ ယောဂီပုဂ္ဂိုလ်တို့၏ အသိစိတ်သည် သိမ်မွေ့နူးညံ့စွာဖြစ်လာနိုင်သည်၊

အဇ္ဈတ္တိက ကာယ၌ ရှေးကဖြစ်နေသော တရားတို့ကို နောက်တအသိဉာဏ်နှင့် သိ၍သိ၍နေရမည်၊ ပျက်သည်ရှိသော်၊ အပျက်တရားကို နောက်ဉာဏ်နှင့် သိနေရမည်၊ ဤသို့သိနေမှသာ၊

ဝေဒနာဘိက္ခဝေ၊ အနိစ္စာ၊ ဇာနတော၊ ပဿတော၊ အဝိဇ္ဇာ ပဟီယတိ၊ ဝိဇ္ဇာ ဉပ္ပဇ္ဇတိ ဟူ၍ ဟောတော်မူသည်၊

ဘိက္ခဝေ၊ ရဟန်းတို့၊ ဝေဒနာ၊ သုခ၊ ဒုက္ခစသော အာရုံကို ခံစားမှု ဝေဒနာတို့သည်၊ အနိစ္စာ၊ မမြဲသောအားဖြင့် (ဝါ) မမြဲဟူ၍၊ ဇာနတော၊ သိသော ယောဂီပုဂ္ဂိုလ်အား၊ ပဿတော မြင်သော ယောဂီပုဂ္ဂိုလ်အား၊ အဝိဇ္ဇာ၊ အမှန်တရားကိုမသိမှု၊ အဝိဇ္ဇာသည်၊ ပဟီယတိ၊ ပယ်၏၊ ပျောက်၏၊ ဝိဇ္ဇာ၊ အမှန်တရားကိုသိတတ်သော ဝိဇ္ဇာဉာဏ်သည်၊ ဥပ္ပဇ္ဇတိ၊ ဖြစ်ပေါ်၍လာ၏၊

ဤသို့၊ ရုပ်၊ ဝေဒနာ၊ သညာ၊ သင်္ခါရ၊ ဝိညာဏ်ဟုဆိုအပ်သော ခန္ဓာငါးပါးတို့တွင် တပါးပါးကိုပေါ်ပြီး ပျက်သည်ဟူ၍ မြင်မှသာ အဝိဇ္ဇာပျောက်ပြီး၊ ဝိဇ္ဇာဉာဏ်ရောက်မည်၊ ထို ဝိဇ္ဇာဉာဏ်ရောက်မှသာ မရှိပညတ်တရားနှင့်၊ အရှိ၊ ရုပ် နာမ် တရားတို့ကို ခွဲခြား၍ သိနိုင်မည်။

အဝိဇ္ဇာ ဦးဆောင်ပါမှု၊ ခန္ဓာငါးပါး ရုပ် နာမ်တရားအပေါ် နိစ္စ၊ သုခ၊ အတ္တ၊ သုဘ၊ အထင်မှားပြီး၊ အနှစ်သာရရှိသောတရားဟု သာယာနှစ်မြိုက်လျက်၊ စုံမက်ခင်မင်၍နေမည်။ ထိုကြောင့် မျက်ကန်း အန္ဓ ပုထုဇဉ်ဟုဆိုနိုင်သည်။

သမာဓိယှဉ်၍ ကိုယ်ကိုရှုနေသော ပုထုဇဉ်သည် ဖြစ်ပေါ် ပျက်စီးနေသော ရုပ် နာမ် ခန္ဓာတရားတို့ကို မမြဲသောတရား၊ ဆင်းရဲသောတရား၊ အစိုးမရသောတရား၊ မတင့်တယ်သော တရားဟု ဝိဇ္ဇာဉာဏ် ရှေ့သွားလျက်၊ အဇ္ဈတ္တိက ကာယ၌ရှု နေသော ယောဂီပုဂ္ဂိုလ်တို့သည်၊ ပေါ်သော တရားတို့၏ အဖြစ်နှင့် အပျက်ကိုသာမြင်လျှင်၊ ဥစ္ဆေဒဒိဋ္ဌိ ဖြတ်သောအယူ နှင့် သဿတဒိဋ္ဌိ၊ မြဲသောအယူ ကင်းကွာနေပြီး ဤဒိဋ္ဌိနှစ်ပါး ခန္ဓာမှကင်းလျှင် အပါယ်သို့ မကျနိုင်ကြောင်း ထင်ရှားသေ

သည်။ ထိုကြောင့် ကလျာဏပုထုဇဉ်ဖြစ်အောင် မိဖွားဥာဏ် ရှေ့သွားလျက်၊ မိမိ ခန္ဓာကိုယ်ကိုအာရုံပြုရမည်၊

ဤသို့သိနေလျှင် ခန္ဓာငါးပါးဖြစ်၍၊ ခန္ဓာငါးပါးပျက်စီးခြင်းကိုသိနေသည်ဟူ၍မှတ်။ ခန္ဓာငါးပါးဟူသည် ယောဂီပုဂ္ဂိုလ်တို့ ရှုနေသောအာရုံတွင် ထုံကျဉ်ကိုက်ခဲခြင်း၊ တောင့်တင်းခြင်းစသော ပထဝီဓါတ်သော်၎င်း၊ ပူ ငြ စသောတေဇောဓါတ်သော်၎င်း၊ ယိုစီးခြင်း၊ ဖွဲ့စီးခြင်းစသော အာပေါဓါတ်သော်၎င်း၊ လှုပ်ရှားခြင်း၊ယိမ်းယိုင်ခြင်းစသော ဝါယောဓါတ်သော်၎င်း၊ တပါးပါးပေါ်သော်၊ ပေါ်သော ရုပ်တရားကို ကာယဝိညာဏ်စိတ်ဖြင့်သိ၍၊ ဝေဒနာစေတသိက်သည် ခံစား၍နေ၏။

ထိုတွင်၊

၁၊ ပေါ်လွင်နေသော ဓါတ်တပါးပါးသည် ရူပက္ခန္ဓာမည်၏၊

၂။ တင်းခြင်း၊ ကျဉ်ခြင်း၊ ပူ ငြ၊ လှုပ်ရှား၊ ယိုစီး တွန်းကန်ခြင်းစသော ဓါတ်တပါးပါးကို ခံစားနေသော ဝေဒနာစေတသိက်သည် ဝေဒနာက္ခန္ဓာမည်၏၊

၃၊ ပေါ်လွင်နေသော ဓါတ်တပါးပါးကို မှတ်သားမှု၊ သညာစေတသိက်သည် သညာက္ခန္ဓာမည်၏၊

၄၊ ပေါ်လွင်နေသောဓါတ်တပါးပါးကိုတွေ့ထိမှု၊စေ့ဆော်မှုစသော ဝေဒနာသညာ စေတသိက်မှ ကြွင်းသော သမ္ပယုတ္တဓမ္မ စေတသိက်တို့သည် သင်္ခါရက္ခန္ဓာမည်၏၊

၅။ ပေါ်လွင်နေသော ဓါတ်တပါးပါးကို သိနေမှု၊ ကာယ
ဝိညာဏ် စိတ်သည် ဝိညာဏက္ခန္ဓာမည်၏။

ဤသို့အားဖြင့် သမုဒယဓမ္မ နုပဿီဝါ ခန္ဓာငါးပါးဖြစ်၍၊ ဝယဓမ္မ နုပဿီဝါ ခန္ဓာငါးပါးပျက်ခြင်းကိုရှုနေသောပုဂ္ဂိုလ် ဟူ၍သိအပ်၏။

ဝိပဿနာဉာဏ်ဦးဆောင်သောထိုပုဂ္ဂိုလ်သည် အဇ္ဈတ္တကာယတွင် ပေါ်လွင်နေသော တရားတို့ကို သိနေခြင်းကြောင့်၊ ရုပ်တရား၊ နာမ်တရား၊ ရုပ်နာမ်မှတပါး၊ သူမရှိ၊ ငါမရှိ၊ လူမရှိ၊ ပုဂ္ဂိုလ်မရှိ၊ သတ္တဝါမရှိ၊ ယောက်ျားမရှိ၊ မိန်းမမရှိဟူ၍၊ မရှိ ပညတ်တရားကို မရှိအတိုင်း၊ အမှန်သိလာ၏၊ အရှိ ရုပ်နာမ် ခန္ဓာတရားကို အရှိအတိုင်း အမှန်သိလာ၏။

အရှိတရား ရုပ်နာမ် ခန္ဓာတို့သာရှိ၏ဟု ဟုတ်တိုင်းမှန်စွာ သိနေသော ယောဂီပုဂ္ဂိုလ်တို့၏ ကာယသမူဟ၌ ဝိစိကိစ္ဆာ ကင်းနေပြီ။ ရုပ်နာမ်ထရားထက်အပြင်၊ တစုံတခုသောတရား မရှိဟု ဟုတ်မှန်သောအားဖြင့် မြင်နေသော ယောဂီတို့၏ခန္ဓာ သမူဟ၌ ဒိဋ္ဌိကွာပြီဟု မှတ်အပ်၏။

၁။ ရုပ်နာမ်သာရှိ၊ ပိုင်းခြားသိ၊ ဝိစိကွာပြီးမှတ်၊

၂။ မရှိစွာသိ၊ မှားမငြိ၊ ဒိဋ္ဌိကွာပြီးမှတ်။

ဒိဋ္ဌိ နှင့် ဝိစိကိစ္ဆာ၊ အကုသိုလ်တရားနှစ်ပါးတို့ ကင်းကွာမှသာ သတ္တဝါတို့ စုတိလျှင်၊ သုဂတိဘုံတို့၌ ဘုံစဉ်စံလျက်၊ အေးချမ်းစွာ သုခမှန်ကို ခံစားရမည်။ ထိုအကုသိုလ်တရားတို့တွင် ဒိဋ္ဌိဂတ သမ္ပယုတ် စိတ် (၄) ခု၊ ဝိစိကိစ္ဆာ (၁) ခု ပေါင်း ငါးပါးတို့ကိုအကြွင်းအကျန်မရှိအောင် ပယ်သတ်ပြီး

ကြွင်းအကုသိုလ် (၇) ပါးတို့မှအပါယ်သို့ ကျစေတတ်သော သတ္တိတို့ကို ပယ်နိုင်ရန်၊ ရှေးဦးစွာ ထရားနာရမည်။ နာပြီးသောတရားကိုလည်း ကြိုးကြိုး စားစားနှင့် လေ့လာပွားများအားထုတ်ရမည်၊ ဤသို့ပွားများအားထုတ်မှ ပေါက်ပြန်ပျက်စီးနေသော အရှိ ရုပ် နာမ်တရားတို့ကိုတွေ့မည်၊ ထို အရှိ တရားတို့ကိုတွေ့ခါမှ ခန္ဓာကိုယ်၌ အယူမှားနေသော ဒိဋ္ဌိ နှင့် ယုံမှားခြင်း၊ ဝိစိကိစ္ဆာတို့ ကင်းကွာမည်။ ဤတရားနှစ်ပါးကိုပယ်သတ်နိုင်မှ စိတ်အေး လက်အေး နှင့် ခံစားလျက်၊ ဒုက္ခမရော အမှန်အစစ်ဖြစ်သော လောက၊ ဥတ္တရ၊ သောတာပတ္တိမဂ်ဖြင့် လောကမှ ထွက်မြောက်သော ချမ်းသာကို ခံစားရမည်၊

ထိုကြောင့်၊ သူတော်ကောင်းတို့သည် မေ့မေ့ လျော့လျော့မနေဘဲ၊ အင်တိုက်အားတိုက် အဇ္ဈတ္တကာယ၌ အရှိတရားတို့ကို သိနိုင်အောင် ပွားများအားထုတ်ရန် အရေးကြီးသည်။

စတုသစ္စာ ဝိနိမုတ္တော၊ ဓမ္မောနာမနတ္ထိ ဟူသည်နှင့်အညီ၊

၁၊ မိမိ အဇ္ဈတ္တကာယ၌ ပွားများအားထုတ်၍ ဖြစ်ပေါ် ပျက်စီးနေသော အရှိတရား ရုပ် နာမ်သည် ဒုက္ခသစ္စာမည်၏၊

၂။ ပွားများ၊ အားထုတ်၍ မြင်နေသော ခန္ဓပြဓိဟူသော ခန္ဓာငါးပါးအား မရ-ရအောင် လိုချင်မက်မောမှု၊ ခန္ဓပြဓိတရားသည် သမုဒယသစ္စာမည်၏၊

၃။ အဇ္ဈတ္တကာယ၌ ဖြစ်ပေါ်ပျက်စီးနေသော ခန္ဓာငါးပါး ရုပ် နာမ်တရားတို့ကို မြင်နေသောကြောင့်၊ လိုချင်

မကော်မှု၊ ခန္ဓာပြုမိတရားရုပ်ဆိုင်းနေ၍၊ အေးမြသော ချမ်းသာသုခကို ခံစားနေမှုသည် နိရောဓသစ္စာမည်၏။

၄။ ဖြစ်ပေါ်နေသော 'ခန္ဓာငါးပါး၊ ရုပ်နာမ်တရား၊ ဒုက္ခသစ္စာကို သိနေမှု၊ သမ္မာဒိဋ္ဌိစသော မဂ္ဂင်တရားသည် မဂ္ဂသစ္စာမည်၏။

ဤသို့အားဖြင့်၊ အမြင်၊ အကြား၊ အနံ့၊ အရသာ၊ အတွေ့အထိ၊ အသိတို့၌လည်း ဖြစ်ပေါ်ပျက်စီးနေသော ခန္ဓာငါးပါး ရုပ်နာမ်တရားတို့၏ သဘောကိုသာ သိနေလျှင်၊ အဇ္ဈတ္တဗဟိဒ္ဓ နှစ်ဌာနတို့၌ ဖြစ်ပေါ်နေသော တရားတို့မှ သာယာနှစ်ခြိုက်မှု၊ ခန္ဓာပြုမိတရား နောက်ဆုပ်၍ တွန့်သွားမည်၊ ထိုခန္ဓာပြုမိတရားနောက်ဆုပ်မှသတ္တဝါတို့သည်သံသရာတည်းဟူသော ချည်တိုင်မှလွတ်ထွက်၍၊ နိဗ္ဗာန်တည်းဟူသော စစ်မှန်သောချမ်းသာမြတ်ကိုအမှန်ရတ်ချခံစားရမည်မှာ မမှားနိုင်ပေ။

## တိုက်တွန်းချက်၊

ဒို-သူတော်ကောင်း သူတော်ကောင်းမတို့၊ ရှေးပိုင်းတွင် ဆရာတော်ဟောကြားသော ဒေသနာတော်အတိုင်း၊ အန္ဓပုထုဇဉ်မှ ကလျာဏသို့ရောက်အောင်၊ ကလျာဏမှတဆင့် အထက်အရိယာသို့ရောက်နိုင်အောင်၊ တရက်တွင်အနည်းဆုံး (တနာရီ) အချိန်မှန်မှန်၊ အဇ္ဈတ္တိက ကာယ၌ပေါက်ဖြန်ပျက်စီးနေသော အရှိတရားတို့ကို တွေ့မြင်ရန်၊ ကမ္မဋ္ဌာန်းတခုကို ဆရာထံမှယူ၍ ပွားများအားထုတ်ရန် တိုက်တွန်းလိုက်လေသည်။

## ထေရီဂါထာ ပါဠိတော်လာ တိံသနိပါတ်
## သုဘာထေရီဝတ္ထု။

ဤခန္ဓပြမိ အနှောင်အဖွဲ့မှ လွတ်မြောက်ပုံ ဝတ္ထုတပုဒ် အကျဉ်းမျှဟောပြမည်။

ယခု ဂေါတမမြတ်စွာဘုရားပွင့်တော်မူသောအခါ၊ တောင်ငါးလုံးပိတ်ဖုံးကာကွယ်သော ရာဇဂြိုဟ်နေပြည်တော်ကြီးမှာ အလိမ္မာနှင့် ပြည့်စုံသော အမျိုးသမီးတယောက်ရှိ၏။

ဇာတိအားဖြင့် ပန်းဥယျာဉ်ဆွဲသော ပြဟ္မဏ အမျိုးလိုမှတ်ရမည်။ ရှေးဘဝက ပါရမီကုသိုလ် သူထက်ပို အောင် ကိုယ်ရောစိတ်ပါပြုလုပ်ပြီး ဆုတောင်း လာခဲ့သော ကြောင့်၊ ယခု အဆုံးဘဝတွင်ရုပ်ဆင်းအင်္ဂါ သူတကာနှင့်မတူ အောင်ထူးထူးချွန်ချွန်တင့်တယ်၍လှပသောကြောင့်၊ မယ်သုဘာ ဟူသော အမည်မှည့်ခေါ်လေသည်။

ထိုအမျိုးသမီးမယ်သုဘာသည် သူ့မိဘနှစ်ပါးကို ကောင်း ကောင်းမွန်မွန်လုပ်ကျွေးလျက်၊ မာတာပိတု ဥပဋ္ဌာနံ၊ မင်္ဂလာနှင့် အညီ ပြုစုယုယလျက်၊ မိဘတို့၏အလိုက်ကြည့်ပြီး လုပ်ကျွေး၍ နေ၏၊ မိဘနှစ်ပါးတို့သည်လည်းမိမိတို့သမီးသည် ရုပ်ဆင်းအင်္ဂါ သာလှပသည်မဟုတ် အကျင့်စာရိတ္တကောင်းမွန်သောကြောင့် လည်း မိမိတို့၏သမီးကိုကြည့်လျက်၊ ဝမ်းမြောက်နေကြ၏၊

ခုအခါလ အမျိုးသမီးတို့သည် (ကိုယ်ချင်း ကုတင်ရွှေနန်း) ဆို သည်အတိုင်း၊ မိဘတို့ပြောဆို ဆုံးမသည်ကို မနာယူဘဲ၊ သူ့သဘောအတိုင်း၊ ( ရွှေမြင့်မိုရ်တဘောင်သုံးကို တုံးမှတ် လို့ခုန် ) ဟူသကဲ့သို့ မိဘတို့ကိုကျော်လွှားပြီး၊ ထင်သလို

ပြုတတ်၏။ ( မြင့်မိုရ်တောင်ဆိုသည်မှာ၊ မိဘနှစ်ပါးလို့မှတ်ပါ။ ) ဤသုဘာအမျိုးသမီးသို့ အတုလိုက်၍၊ အစစအရာရာတွင် ယဉ်ယဉ်ကျေးကျေးနှင့် စာရိတ္တမဏ္ဍိုင်ကောင်းမွန်လာအောင် ကိုယ်ကျင့်တရားကို အမြဲစောင့်ထိန်းရမည်၊

အမျိုးကောင်း သမီးတို့သည် မိမိကိုယ်ကို ရိုသေသည်၏ အစွမ်းဖြင့် မကောင်းမှုမှ စက်ဆုတ်သကဲ့သို့၊ ဤအတု အမျိုးကောင်းသား အမျိုးကောင်းသမီးတို့သည်လည်း ဒုစရိုက်တို့ကို လွန်ကျူးခြင်းမှ ရှက်ခြင်းတည်းဟူသော ဟိရိတရားကိုစောင့်စည်းရမည်။ ပြည်တန်ဆာမသည် သူတပါးတို့ အရိုအသေပြုသည်၏အစွမ်းဖြင့် မကောင်းမှုမှထိတ်လန့်သကဲ့သို့ အမျိုးကောင်းသား အမျိုးကောင်းသမီးတို့သည်လည်း ဒုစရိုက်တို့ကို လွန်ကျူးခြင်းမှ ထိတ်လန့်ခြင်းတည်းဟူသော ဩတ္တပ္ပတရားကိုစောင့်စည်းရမည်၊

သို့မှသာ ယခုဘဝက ကိုယ်ကျင့်တရားနှင့် စာရိတ္တမဏ္ဍိုင်ကို ထူထောင်လိုက်ပါမှ ကလျာဏကာရီ ကလျာဏံ ဟူ၍ မြတ်ဘုရားဟောတော်မူသည်အတိုင်း၊ ကောင်းသောအကျင့်စာရိတ္တနှင့် ပြည့်စုံပြီး၊ ခုဘဝ အမျိုးသမီး အမျိုးသားတို့သည် နိဗ္ဗာန်မရောက်သမျှ ကာလပတ်လုံး ကောင်းသော အကျင့်စာရိတ္တ အလေ့အလာ ဝါသနာတို့သည် ဘဝဆက်တိုင်းဖြစ်စေတတ်၏။ ပိန္နဲစေ့ကိုစိုက်လျှင် ပိန္နဲပင်ပေါက်၍ ပိန္နဲသီးအရသာကို ခံစားရသကဲ့သို့တည်း။

ကိုယ်ကျင့် တရားမရှိဘဲ၊ စာရိတ္တမဏ္ဍိုင် ပျက်ပြားလျှင်၊ ရွာသူတို့၏ဝက်သည် မစင်မှ မရှက်သကဲ့သို့ အမျိုးကောင်း၊ သား သမီးတို့သည်လည်း ဒုစရိုက်တို့ကိုကျူးလွန်ခြင်းမှမရှက်

ခြင်း၊အပါယ်ရိက တရားနှင့်ရင်း၊ မိုးဖလံသည် မီးမှမလန့်သကဲ့သို့၊ အမျိုးကောင်းသားသို့းတို့သည်လည်း ဒုစရိုက်တရားတို့ကို ကျူးလွန်ခြင်းမှမလန့်တတ်သောအနေသာတပွတရားနှင့်ရင်း၊ ပြည့်စုံလျှင်အစစအရာရာ၊အကျင့်စာရိတ္တ တရားပျက်ပြားခြင်းကြောင့်၊ ပါပကာဒိုစ၊ ပါပကံဟူ၍၊ မြတ်ဘုရားဟောတော်မူသောကြောင့်၊ မကောင်းသော အကျင့်စာရိတ္တနှင့်ပြည့်စုံပြီး၊ မကောင်းသော အမူအရာ၊ မကောင်းသော အလေ့အကျင့်တို့သည်၊ဘဝဆက်တိုင်းပြည့်စုံပြီး ဒုဂ္ဂတိဘုံ၌ကျင်လည်တတ်၏၊ တခါတလေ သုဂတိဘုံသို့ရောက်ပါငြားလည်း၊ ၎င်းမကောင်းသောအကျင့်စာရိတ္တမကျိုင်ကြောင့်၊ လူချင်းမတူ့သူချင်းမမှုအောက်ကျနောက်ကျဖြစ်၍၊ ယုတ်နိမ့်သော အဆင့်အတန်းမှာကျင်လည်ရတတ်၏၊ တမာမျိုးစေ့ကိုစိုက်ပျိုးလျှင်၊ တမာပင်ပေါက်၍ တမာသီး၏ အရသာကိုခံစားရမည်မှာ မမှားနိုင်ပေ၊

ထိုကြောင့်၊ အကျင့်စာရိတ္တမကျိုင် ကြံ့ခိုင်လာအောင် အမျိုးသို့း အမျိုးသားတို့သည် ဆည်းဖူးအားထုတ်ရမည်၊

မြတ်ဘုရား၊ ဘုရားဖြစ်ပြီးနောက်၊ တဝါအလွန်တွင် ဗိမ္ဗိသာရမင်း ပင့်လျှောက်သောကြောင့်၊ ရောင်ခြည်တော်ခြောက်ပါးကွန့်မြူးပြီး ကြွရောက်တော်မူ၏။ ထိုအခါ သိကြားမင်းကိုယ်တိုင် လုလင်ပျိုအသွင်ဖြင့်၊ ဘုရားရှေ့မှ ကြွေးကြော်ကာလိုက်ပါလာ၏။ မြို့သူမြို့သားတို့သည် ဧစတနာထက်သန်စွာဖြင့် အထူးသုံးဆန်း ကြယ်သော လှူဘွယ်ဝတ္ထုတို့ဖြင့် လှူဒါန်းပူဇော်ပြီး၊ တရားတော်ကိုကြားနာကြကုန်၏။

ထိုအခါ အလိမ္မာနှင့် ပြည့်စုံသော သုဘအမျိုးသို့းသည်

မြတ်ဘုရား၏ကြက်သရေတော်ကိုဖူးရလျှင်၊ ကြည်ညိုလို့မဆုံးနိုင်အောင် ပီတိဖြစ်လျက်၊ တရားမှန်ကိုနာခံရသောအခါ လူ့ဘောင်မှထွက်၍ ဘိက္ခုမယ်ပြုလုပ်ချင်သော်လည်း၊ ဘိက္ခုနီမသာသနာမရှိသေးသည့်အတွက်၊ လူဝတ်ကြောင်နှင့်ပင် စာရိတ္တမကျိုးကြံ့ခိုင်လျက်၊ မိဘနှစ်ပါးအားလည်းလုပ်ကျွေး၊ မိမိအတွက်လည်း တရားအလုပ်ကို အားထုတ်၍နေလေသော်၊ များမကြာခင်အမျိုးသမီးသာသနာသည် မိထွေးတော်ဂေါတမီ၏ ကျေးဇူးကြောင့်၊ ထွန်းကားလာလေ၏၊ ထိုအခါ ပါရမီရင့်သန်သော အမျိုးသမီးတို့သည် ဘိက္ခုနီမယ်လုပ်ပြီး တရားကိုပွားများသည်မှာလည်း လွန်စွာပင်များပြားလေသည်၊

သုဘာအမျိုးသမီးလည်း မိဘနှစ်ပါးကိုခွင့်ပန်ပြီး၊ မြတ်ဘုရား၏သာသနာတွင် ဘိက္ခုမယ်ပြုလုပ်လျက်၊ သုဘာထေရီဟုတွင်လေသည်၊ မိထွေးတော်ဂေါတမီထံ ကမ္မဋ္ဌာန်းတခုယူပြီးအားထုတ်ပွားများရာ၊ မကြာခင် သုံးလေးရက်အတွင်းမှာပင်၊ သုံးမဂ်-သုံးဖိုလ်ဟူသော အနာဂါမ်အဖြစ်သို့ရောက်လေသည်၊

ထိုအခါ ကာမတဏှာနှင့် ဒေါသအကုသိုလ်ကို ပယ်သတ်နိုင်၏။ ကာမရာဂကိုနှစ်ခြိုက်ခြင်းမရှိဘဲ၊ ဗျာပါဒကိုလည်းပယ်နိုင်၏။ ထို့နောက် အထက်မဂ်အထက်ဖိုလ်သို့ ရောက်အောင်ပွားများရန်၊ ရာဇဂြိုဟ်မြို့၏ ဇီဝက သရက်ဥယျာဉ်သို့သွားလေသော်၊ လမ်းစပ်ကြားတွင် လူလင်ပျိုတယောက်နှင့်တွေ့လေ၏၊ လူလင်ပျိုသည် ဘိက္ခုနီမယ်ကိုမြင်လျှင်၊ အလွန်စွဲလန်းတပ်မက်လျက်၊ မိမိသို့ပါအောင် သွယ်ဆောင်၍ ဖြားယောင်းလေရာ၊ ဘိက္ခုနီမယ်သုဘာမှာ ကိလေသာကာမကိုအနိဋ္ဌာရုံ မြင်လေသောကြောင့် လူလင်ပျိုလက်မှ လွတ်ရန်

တောင်းပန်လေသော်၊ လုလင်ပျိုလည်း ရုပါရုံကို မြင်လျှင် နှစ်ခြိုက်၊ သဒ္ဒါရုံအသံကို ကြားလေသော်၊ တိုးလိုသာ ဥပမိ ဦးစီးလေသောကြောင့်၊ ကိလေသာ ကာမကို နှစ်ခြိုက်ရန် အတန်တန်ပြောသော်လည်း၊ ဘိက္ခုနီမယ်မှာ မနှစ်ခြိုက်ဘဲ၊ တရားသဘောနှင့်သာ ပြောပြတောင်းပန်လေ၏။ ထိုသို့ တောင်းပန်သော်လည်း လွတ်ရန်လမ်းစကို မမြင်လေသော်၊ မိမိခန္ဓာကိုယ်ကိုသာအပြစ်မြင်လျက်၊ လုလင်ပျို လိုချင်နှစ်ခြိုက် သော ခန္ဓာကိုယ်မှ တခုခုကို ထုတ်ပေးမှသာ ငါအေးမည်ဟု အကြံရလျက်၊ မိမိ၏အလွန်တရာလှပသော မျက်လုံးတဘက် ကိုဖေါက်ယူ၍ လုလင်ပျိုအားပေးလေသော်၊ လုလင်ပျိုသည် ဘိက္ခုနီမ၏မျက်နှာကိုသွေးသန်ရဲရဲနှင့်မြင်လျှင်၊ ကြောက် စိတ်ရောက်ပြီး၊ ကိုယ်ထိလက်ရောက်မကျူးလွန်ဘဲ၊ ဘိက္ခု မယ်အားကန်တော့လျက်၊ လွတ်ရာသို့သာထွက်သွားလေ၏။

ဤအခါကျမှ ဘိက္ခုနီမသည် လွတ်လပ်စွာသွားလာခွင့် ကိုရလေသော်၊ သရက်ဥယျာဉ်သို့မသွားဘဲ၊ မြတ်ဘုရားရှိရာ သို့သာသွားလေသည်။ မြတ်ဘုရား၏ကြက်သရေနှင့် ရောင် ခြည်တော်ခြောက်သွယ်တို့ကို ဖူးမြင်ရလေသော်၊ မိမိကိုယ် ကိုလွှမ်း၍ဖုံးသော ပီတိဟုန်ကြောင့်၊ သဒ္ဒါတရားတိုးတက် လေ၏။ ဤသို့လျှင် ထေရီမယ်၏စေတနာ မြတ်ဘုရား၏တန်းခိုး တော်ဂုဏ်ကြောင့် ပျက်စီးချွတ်ယွင်းနေသော ထေရီမယ်၏ မျက်စိတဘက်သည် ရုတ်တရက် ပင်ကိုယ်ပကတိအတိုင်း ဖြစ် ပေါ်လေ၏။

ထိုကြောင့်၊

၁၊ မြတ်ဘုရား၏ ဓာဋ္ဌိ အခိဋ္ဌာယ ဂုဏ်တော်သည်လည်း

မကြံနိုင်သောကြောင့် အလွန်ဆန်းကြယ်ကုန်၏၊

၂။ ကမ္ဘာဝိပါကော်အစိန္တေယျောဟုဆိုသည့်အတိုင်း၊သတ္တဝါ တဦးတယောက်၏ (ကံ) သည်လည်း မကြံစည်နိုင် သောကြောင့် အလွန်ဆန်းကြယ်ကုန်၏။

မြတ်ဘုရား၏တန်းခိုးဂုဏ်နှင့် မိမိ၏ကံတို့ကြောင့် မျက်လုံး အသစ်ရလေသော်၊ မြတ်ဘုရား၏ တရားတော်ကိုသာကြား နာလေ၏။ ထိုအခါ မြတ်ဘုရားက ထေရိမယ် သင်ရှိသော ခန္ဓာငါးပါးကြောင့် အမျိုးမျိုးသော ဒုက္ခကို ခံစားရလေ၏။ ငါးခန္ဓာရှိသည့်အတွက်၊ သတ္တဝါတို့ ဥပမိတရားလွှမ်းမိုးပြီး၊ ရန်သူအမျိုးမျိုးနှင့်တွေ့ကြုံလျက်၊ မဒ္ဒိ၊ မနာ၊ မသေချင်ပါဘဲ၊ အိုနာသေ-တရားတို့မှမလွတ်နိုင်၊ ယခုဘဝစုတိလေသော်၊ နောက်ဘဝ၌လည်း၊ ဤတရားတို့ပင်မကောင်းနိုင်သေး။

**ယောဇု ပဋိစ္စ သမုပ္ပါဒ်း**

အကြောင်းဥပမိတရားရှိသမျှကာလပါတ်လုံး၊ အကျိုးခန္ဓာ ငါးပါးမရပ်ဘဲ၊ ဆက်ကာဆက်ကာ အမျိုးမျိုး အဖုံဖုံ ခံစားရ လေ၏၊

**ယောဇု ဘင်္ဂ နိရုဇ္ဈတိ၊**

ဥပမိတည်းဟူသောအကြောင်း သမုဒယ တရားတို့ ချုပ် ဆုံးပျက်စီးလျှင်၊ အကျိုးခန္ဓာငါးပါးလည်း ချုပ်ဆုံးရလေ၏၊ ဤသို့အားဖြင့် ခန္ဓုပမိ အကြောင်းတရားတို့ကို ကြားနာရလေ သော်၊ သုဘထေရီဘိက္ခုနီမသည် ကိလေသာအာသဝေါ ဥပမိတရားကင်းပြီး ရဟန္တာမဖြစ်လျက်၊ ဥပမိဝိဝေကတည်း ဟူသော နိဗ္ဗာန်ချမ်းသာမြတ်ကိုခံစားရလေ၏၊

အို-သူတော်ကောင်း သူတော်ကောင်းမတို့၊ ဤသုဘထေရီဘိက္ခုနီမကို သာဓကပြုလျက်၊ မိမိတို့ရရှိသောခန္ဓာငါးပါးကို ပင်၊ ခန္ဓာငါးပါးဟု ဟုတ်တိုင်းမှန်စွာမြင်ရန် အလွန်အရေးကြီးပေလိမ့်မည်။

**မျက်စိ နှင့် ရူပါရုံတိုက်ဆိုင်သောအခါတွင်၊**

၁၊ အဆင်းနှင့် သ သမ္ဘာရ စက္ခုပသာဒသည် ရူပက္ခန္ဓာ မည်၏၊

၂၊ စက္ခုပသာဒ အကြည်တွင် ဖြစ်ပေါ်လာသော စက္ခုဝိညာဏ်စိတ်က ဝိညာဏက္ခန္ဓာမည်၏၊

၃၊ စက္ခုဝိညာဏ်စိတ်၌ သမ္ပယုတ္တဓမ္မတွင် ခံစားမှုဝေဒနာ စေတသိက်သည် ဝေဒနာက္ခန္ဓာမည်၏၊

၄။ စက္ခုဝိညာဏ်စိတ်၏ သမ္ပယုတ္တဓမ္မတွင် အဖြူ၊ အနီ၊ အကြောင်၊ အကျား၊ မှတ်သားမှု၊ သညာစေတသိက်သည် သညာက္ခန္ဓာမည်၏။

၅၊ စက္ခုဝိညာဏ်စိတ်၏ သမ္ပယုတ္တဓမ္မတွင်အာရုံကို တွေ့ထိမှု စောင့်ရှောက်မှု၊ နှလုံးသွင်းမှု၊ စေ့ဆော်မှု၊ တည်ကြည်မှု၊ တရားငါးပါးသည် သင်္ခါရက္ခန္ဓာမည်၏၊

ဤခန္ဓာတို့က မဆုံးနိုင်အောင် မြင်သမှုအာရုံတို့ကို စွဲလန်းနှစ်ခြိုက်၍၊ ဒုက္ခခံစားပြီးနေသည်မှာ ဘဝများစွာကြာမြင့်လှလေပြီ၊ စက္ခုပသာဒက အဆောက်အဦ ပစ္စည်းသဘောနှင့် ကျေးဇူးပြုလျှင်၊ ဖြစ်ပေါ်၍လာသော စက္ခုဝိညာဏ်စသော နာမ်ခန္ဓာလေးပါးက ဥပမိ ကစ်ငြိလျက်၊ ငါမြင်၏၊ သူမြင်၏၊ ယောကျ်ားကိုမြင်၏၊ မိန်းမကိုမြင်၏၊ ချစ်ဘွယ်

ကိုမြင်၍၊ ရန်းဘွယ်ကိုမြင်၍၊ ဤကဲ့သို့ အမြင်ကျယ်ပြန့်လာသည်အတွက်၊ ဒုက္ခများလေသည်၊

စင်စစ်မှာ ဤခန္ဓာငါးပါးသည် ဝယာဓမ္မာသင်္ခါရာဆိုသည့် အတိုင်း၊ ဖြစ်ပေါ်ပြီး ပျက်စီးနေသော သင်္ခါရတရားသာဖြစ်လေသောကြောင့်၊ မမြဲခြင်း၊ဆင်းရဲခြင်း၊အစိုးမရ၊ အနှစ်သာရမရှိခြင်း တရားမျှသာဖြစ်သည်ဟု အနိစ္စအမှန်၊ ဒုက္ခအမှန် အနတ္တအမှန်ဖြစ်အောင် ဝိပဿနာဉာဏ်ရှေးသွားလျက်၊ ကြိုးကြိုးစားစားနှင့် လေ့လာပွားများနိုင်ရန်၊ထပ်လောင်း၍ တိုက်တွန်းလိုက်လေသည်။

## နိဂုံး။

ဇာမိနာဓမ္မသဝနပုညေန၊ ဤနေ့ဤရက်၌ ခန္ဓုပဓိတရားတော်ကိုကြားနာရလေသောကြောင့်၊ တုမှေ၊ ခန္ဓုပဓိကိုယ်မှာကင်းလိုကြကုန်သော သင်သူတော်ကောင်း သူတော်ကောင်းမအပေါင်းတို့သည်၊ အတ္တဒိဋ္ဌိ၊ ဘဝါဘဝ အနန္တရတို့မှ စွဲကပ်နှစ်မြှုက်၍ပါလာသော အတ္တဒိဋ္ဌိတရားဆိုး တရားမှားတို့ကို၊ ဝိပဿနာဝုဓေန၊ ရောင်ရှိန်ပြိုးပြက် တန်းခိုးထက်သည့် ချိုးဖျက်နိုင်ကြောင်း၊ ဝိပဿနာဉာဏ်လက်နက်ကောင်းဖြင့်၊ ဆိန္နတွာ သံသရာတွင်မလွှတ်နိုင်အောင် ချည်နှောင်တတ်သော ဥပဓိတို့ကို အပိုင်း အပိုင်းပယ်ဖြတ်သုတ်သင်ရှင်းလင်းကြကုန်ပြီး၍၊ ရုဋ္ဌသောတာပန္နာ၊ ဒိဋ္ဌိဝိဝိပယ်နိုင်ဘိ၍၊ မရှိပါယ်ရွာဝေး ရွာကွာသော ရုဋ္ဌသောတာပန်ပုဂ္ဂိုလ်တို့သည်၊ ဟောန္တု၊ ဖြစ်ပါစေကုန်သတည်း၊ ဟောန္တု၊ ယခုဘဝမှာပင် မဂ်ဉာဏ်၊ ဖိုလ်ဉာဏ်ကိုအာရုံမပြုနိုင်သော်လည်း ယခု ဘဝကစိုက်ပျိုး

လိုက်သော ဒါန၊ သီလ၊ ဘာဝနာတို့သည် **အထောက်အကူ** ပစ္စည်းသဘောဖြင့် ကျေးဇူးပြုပြီး၊ သုဂတိဘုံတွင် ဘဝဆက်တိုင်း၊ မိန်းမကောင်း၊ မိန်းမမြတ်၊ ယောကျ်ားကောင်း၊ ယောကျ်ားမြတ်အဖြစ်ဖြင့်၊ **ကျင်လည်၍ တရားစကားတော်ကို ကြားနာ** ရသည့်ရှိသော်၊ ကာမာသဝ၊ ဘဝါသဝ၊ ဒိဋ္ဌာသဝ၊ အဝိဇ္ဇာသဝတည်းဟူသော **အာသဝ** တရားလေးပါးတို့ကို ပယ်လျက်၊ ရဟန္တာယောကျ်ား၊ ရဟန္တာမိန်းမဖြစ်ပြီး၊ ခန္ဓပဝိဇ် ကင်းငြိမ်းရာ၊ **အသင်္ခတ၊ သန္တိသုခ**၊ မြေချမ်းသာလှသော နိဗ္ဗာန်ပြည်တော်၊ အမြတ်နိဗ္ဗာန်ကို မျက်မှောက် ပြုနိုင်ကြပါစေ ကုန်သတည်း။

သာဓု...... သာဓု...... **သာဓု**။

# ဥပမိ တရားတော် အမှတ် (၂) ပြီးပါပြီ။